# "ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို စဉ်ဆက်မပြတ် ဆက်ခံထိန်းသိမ်းသွားမယ်"

## —— မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ သမ္မတရုံးအကြံပေး ဦးစိန်ဝင်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း



ကျွန်တော်တို့အနေနှင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲရိုးရာချစ်ကြည်ရေးကို တိုးမြှင့်စေလိုပါကြောင်း၊ ယူနန်နေ့စဉ်သတင်းစာနှင့် ရန်ကုန်မီဒီယာများအုပ်စုမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများထံ သတင်းမှန်များကို လက်ဆင့်ကမ်းပေးလိုကြောင်း ဦးစိန်ဝင်းအောင်က မျှော်လင့်ပါသည်။

"မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အစိုးရချင်း ချစ်ကြည်ရင်းနှီးဆက်ဆံမှု၊ အရပ်ဘက်ချင်းချစ်ကြည်ရင်းနှီးဆက်ဆံမှုအပြင် ကုန်သွယ်ရေး၊ အက၊ အနုပညာ၊ တေးသီချင်း၊ ရုပ်ရှင်နဲ့ရုပ်မြင်သံကြား ယဉ်ကျေးမှုစတဲ့ဘက်မှာလည်း ထိတွေ့ဆက်ဆံဖို့ လိုပါတယ်။ ကဏ္ဍမျိုးစုံမှ၊ နယ်ပယ်အသီးသီးမှ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရန် တိုးမြှင့်ပေးမှသာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုမြှင့်တင်နိုင်မယ်"ဟု ဇွန်လ ၁၆ ရက်တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ သမ္မတရုံးအကြံပေး၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း ဦးစိန်ဝင်းအောင်က ယူနန်နေ့စဉ်သတင်းစာ လုပ်ငန်းအုပ်စု "တောင်ပိုင်း ရှေးခေတ်ပိုးလမ်းမကြီး၊ ဖြာတွက်ရေးစင်တာအသစ်"မီဒီယာများ၏ တွေ့ဆုံမေးမြန်းခြင်းကို လက်ခံရာတွင် ထိုသို့ပြောကြားပါသည်။

ဦးစိန်ဝင်းအောင်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရိုးရာချစ်ကြည်ရေးနက်နဲခိုင်မာသော နိုင်ငံဖြစ်ကြကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးသည် နှစ်နိုင်ငံပြည်သူများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးဆက်ဆံမှုသမိုင်းများကို သိရှိနားလည်စေပြီး ရိုးရာချစ်ကြည်ရေးကို ဆက်ခံသွားမည့်အပြင် နှစ်နိုင်ငံဆက်ဆံမှုကိုလည်း ပိုမိုခိုင်မြဲစေရမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံတို့သည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး နယ်စပ်ဒေသတွင် နေထိုင်ကြသော နှစ်နိုင်ငံပြည်သူများသည် ကာလကြာရှည်စွာ ချစ်ခင်ရင်းနှီးစွာ ဆက်ဆံကြ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြကြောင်း၊ ထိုသို့ အဖိုးတန်သော မြန်မာ-တရုတ် ချစ်ကြည်ရေးကို ဆက်ခံနိုင်စေရန် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအနေနှင့် နှစ်နိုင်ငံအစိုးရအကြား၊ မြန်မာ-တရုတ်ရိုးရာ ချစ်ကြည်ရေး အဆက်မပြတ်တိုးတက်သွားစေရန် အစိုးရနှင့် အရပ်ဘက်အကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံနိုင်ရေးအတွက် အားထုတ်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးတိုးတက်မှုအကြောင်းနှင့် ပတ်သက်၍ပြောကြားရာတွင် အထူးသဖြင့်"တစ်ဇုန်တစ်လမ်း"တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ဦးစိန်ဝင်းအောင်က မြန်မာနိုင်ငံသည် "တစ်ဇုန်တစ်လမ်း"တည်ဆောက်ရေး စီမံကိန်းအတွက် ပေါင်းကူးတံတားအခန်းထဲပါဝင်နိုင်ကြောင်း၊ အထူးသဖြင့်ယူနန်ပြည်နယ်အနေနှင့်မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရန် နယ်ပယ်ကျယ်ပြန့်လှကြောင်း၊ အခြေခံအဆောက်အဦးတည်ဆောက်ရေး၊ ပို့ကုန်သွင်းကုန်ကုန်သွယ်ရေး စသည့်ဘက်များတွင် ကျယ်ပြန့်လှသော အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိနေကြောင်း၊ တစ်ဖက်တွင် တရုတ်နိုင်ငံသည် အရင်းအနှီးနှင့် ရင့်ကျက်သော စက်မှုနည်းပညာများရှိနေကြောင်း၊ နောက်တစ်ဘက်တွင် မြန်မာနိုင်ငံသည် လုပ်သားအင်အား လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ကြောင်း၊ နှစ်ဦးနှစ်ဘက်တို့သည်အပြန်အလှန်အကျိုးတူ ရရှိစေပြီး ကုန်သွယ်ရေးအကန့်အသတ် လျှော့ချနိုင်ကာ ငွေရေးကြေးရေးဝန်ဆောင်မှု၊ ပြည်ဝင်ပြည်ထွက်ခွင့် လွယ်ကူချောမွေ့စေမှု စသည့်ဘက်တွင် ကြိုးစားသွားလျှင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စီးပွားရေးအသွားအလာကို အဆက်မပြတ်တိုးမြှင့်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဦးစိန်ဝင်းအောင်သည် "ဆွေမျိုးပေါက်ဖော်" ဆိုသည်မှာ အမွှာညီအစ်ကိုကဲ့သို့ ရင်းနှီးကြကြောင်း၊ ညီအစ်ကိုအကြားရှိ ချစ်ကြည်ရင်းနှီးမှုသည် နှစ်ဦးနှစ်ဘက် အတူရှင်သန်ကြီးပြင်းကြရာတွင် အဆက်မပြတ် တိုးမြှင့်ပေးရန်လိုကြောင်း၊ လက်ရှိတွင် မြန်မာ-တရုတ်အကြားရှိ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးတိုးမြှင့်လိုလျှင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား မျက်နှာစာအသီးသီးမှ နေ၍ ပူးပေါင်းဖလှယ်မှု တည်ထောင်လိုကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲသံတမန်ဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေး အသွားအလာများအပြင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး အသင်းအဖွဲ့ချင်းဆက်ဆံမှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဖလှယ်ရန်လိုအပ်သေးကြောင်း၊ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးတွင် ချစ်ကြည်ရင်းနှီးပူးပေါင်းဖလှယ်လိုကြောင်း ပြောကြားသွားသည်။

"မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်နေဆဲဖြစ်တဲ့အတွက် အခြားနိုင်ငံများကို အဆက်မပြတ် အတုယူဖို့လိုအပ်ပါတယ်"။ ဦးစိန်ဝင်းအောင်က မီဒီယာများသည် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို လက်ဆင့်ကမ်းရာတွင်၊ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး စဉ်ဆက်မပြတ် ဆက်ခံရာတွင် အရေးပါသော အခန်းထဲပါဝင်နေကြောင်း၊ မှန်ကန်သော သတင်းအချက်အလက်များကသာ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအား အချင်းချင်း သိရှိနားလည်နိုင်စေကြောင်း ပြောကြားသွားသည်။ "နှစ်နိုင်ငံရေရှည်ချစ်ကြည်ရေးကို အဆင့်မြှင့်တင်စေဖို့ ကျွန်တော်တို့ဟာ ယူနန်နေ့စဉ်သတင်းစာနဲ့ မြန်မာနိုင်ငံရှိ မီဒီယာများကတစ်ဆင့် နှစ်နိုင်ငံပြည်သူများအား သတင်းအချက်အလက်များ လက်ဆင့်ကမ်းပေးမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသွားသည်။ လျိုရှန်ယွမ်

# သီးနှံများရောဂါပိုးမွှားအန္တရာယ်ကာကွယ်ရေး အပြည်ပြည်ဆိုင်ရာသင်တန်း ယူနန်စိုက်ပျိုးရေးတက္ကသိုလ်တွင်ဖွင့်လှစ်




မကြာမီရက်ပိုင်းတွင် အာဆီယံနိုင်ငံ အဓိကသီးနှံများရောဂါပိုးမွှား အန္တရာယ်အထွေထွေကာကွယ်ရေးနည်းပညာ အပြည်ပြည်ဆိုင်ရာသင်တန်းကို ယူနန်စိုက်ပျိုးရေးတက္ကသိုလ်ရှိ တရုတ်-အာဆီယံပညာပေးလေ့ကျင့်ရေးစင်တာတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနိုင်ငံမှ စိုက်ပျိုးရေး သုတေသနလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြသည့်ပညာရှင်များနှင့် ရှေ့တန်းဝန်ထမ်းအယောက် (၂၀)တို့သည် သင်တန်းသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ သင်တန်းသားများသည် စပါး၊ ပြောင်းစသည့် အဓိကသီးနှံများအတွက် ရောဂါပိုးမွှားအန္တရာယ် အထွေထွေကာကွယ်ရေးနည်းပညာဆိုင်ရာ အခြေခံသီအိုရီနှင့် လက်တွေ့များကို သင်ကြားသွားမည်ဖြစ်သည်။ ထို့ပြင် စီလင်၊ ကျန့်ရွှေစသည့်ဒေသများရှိ သီးနှံရောဂါပိုးမွှားအန္တရာယ် အထွေထွေကာကွယ်ရေး စံပြစခန်းများသို့ သွားရောက်၍ လက်တွေ့သင်ကြားလေ့လာကြမည်ဖြစ်သည်။

ယခုအကြိမ်သင်တန်းကို တရုတ်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ယူနန်စိုက်ပျိုးရေးတက္ကသိုလ်က လက်တွေ့ကျင်းပခြင်းဖြစ်သည်။ သင်တန်းကို တာဝန်ယူဖော်ဆောင်နေသည့် ယူနန်စိုက်ပျိုးရေးတက္ကသိုလ်တရုတ်-အာဆီယံပညာပေးလေ့ကျင့် ရေးစင်တာသည် ယင်းစင်တာစတင်ဖွင့်လှစ်သည့် ၂၀၁၂ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာသင်တန်း (၇)တန်းကို လက်ခံဖွင့်လှစ်ခဲ့ပြီး နိုင်ငံ(၁၀)နိုင်ငံမှ သင်တန်းသား(၁၂၇)ဦးတို့က ယင်းသင်တန်းများမှ ဆင်းကြကြောင်း သိရသည်။ ဝမ်ကျန်း

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

တစ်ဇုန်တစ်လမ်းကဏ္ဍ

# တရုတ်-မြန်မာလုပ်ငန်းရှင်များမျက်စိထဲမှ “အခွင့်အလမ်းသစ်”

မကြာမီရက်ပိုင်းတွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ “ရှေးခေတ်တောင်ပိုင်း ပိုးလမ်းမကြီး၊ ဖြာထွက်ရေးစင်တာအသစ်” မီဒီယာများသတင်းထောက်အဖွဲ့သည် မန္တလေး-တယ်ဟုန်ပြည်နယ်ခွဲ ကုန်သွယ်ရေးအသင်းရှိ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးဌာနေကိုယ်စားလှယ်ရုံးတွင် တယ်ဟုန်ကျိမ်ရှင့်လုပ်ငန်းရှယ်ယာ ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ခန်းရာ့ကျီဖုန်း (သံ)စိုက်ပျိုးမှုဖွံ့ဖြိုးရေး သိပ္ပံနည်းပညာလုပ်ငန်းကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံအောင်ကမ္ဘောကုမ္ပဏီတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပါသည်။ “တစ်ဇုန်တစ်လမ်း” စီမံကိန်းအရှိန်အဟုန်မြှင့် ဖော်ဆောင်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံခြင်းသည် အလားအလာကောင်းမွန်လှသော်လည်း အခွင့်အလမ်းများကိုလက်လွှတ်မထားသင့်ကြောင်း၊ တာရှည်ကိုရှေးရှုပြီး အဆင့်မြှင့်တင်ခြင်းနှင့်ပုံစံပြောင်းလဲခြင်းကို လျင်မြန်စွာဆောင်ရွက်သင့်ကြောင်း လုပ်ငန်းရှင်များက ဖော်ပြကြပါသည်။

တယ်ဟုန်ကျိမ်ရှင် လုပ်ငန်းရှယ်ယာကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ကျိန်စန်းဟုန်၏ မိတ်ဆက်ခြင်းအရ ယင်းကုမ္ပဏီသည် အဓိကအားဖြင့်မြန်မာနိုင်ငံတွင် ပိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေကြောင်း၊ “ကုမ္ပဏီ+ တောင်သူ” ပုံစံကို အသုံးပြုလျက်ရှိပြီး တိုးတက်မှုအလားအလာကောင်းမွန်ကြောင်း “ပိုးမွေးမြူခြင်းဟာ ပြောင်းစိုက်ခြင်းထက်ဝင်ငွေ သုံးဆလေးဆ ပိုရနိုင်တာကိုတွေ့ရတော့ ဒေသခံတောင်သူများကလည်း ပိုမိုတက်ကြွလာကြတယ်”။ “လွန်ခဲ့တဲ့သုံးနှစ်တုန်းက ကျွန်တော်တို့ဒီနေရာရောက်ခါစမှာ ဒေသခံပြည်သူများက ပါဝင်ဖို့ ဆန္ဒမရှိကြပါ”ဟု ကျိန်စန်းဟုန်က ပြောသည်။ ၄င်းအတွက် ကျိန်စန်းဟုန်သည် မိမိ၏ငွေကို စိုက်ထုတ်၍ စံပြသည့်သဘောဖြင့် စိုက်ပျိုးလိုက်ပြီး လက်တွေ့အောင်မြင်ဖြစ်ထွန်းမှုဖြင့် အများ၏အတွေးအမြင်ကို ပြောင်းလဲစေခဲ့ပါသည်။

လယ်ယာသုံးစက်ကိရိယာ ရောင်းချရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးရန်အလားအလာလည်း ကောင်းမွန်လှသည်။ မြန်မာနိုင်ငံခန်းရာ့ကျီဖုန်း စိုက်ပျိုးမှုဖွံ့ဖြိုးရေးသိပ္ပံနည်းပညာ လုပ်ငန်းကုမ္ပဏီလီမိတက်မှကျန်းလုချန်၏ မိတ်ဆက်ခြင်းအရ ၄င်း၏ကုမ္ပဏီသည် နယ်ပယ်အသီးသီးတွင် လုပ်ငန်းလုပ်ကိုင်နေကြောင်း၊ မန္တလေးမြို့တွင် လယ်ယာသုံး စက်ကိရိယာများ ရောင်းချခြင်းကိုလည်းကောင်း၊ ကုမ္ပဏီခွဲတည်ရှိရာဗန်းမော်မြို့တွင် တရုတ်မိုတစ်သိန်းရှိသော မြေလွတ်မြေရိုင်းတွင် မွေးမြူရေးလုပ်ငန်းရင်းနှီးမြှုပ်နှံခြင်းကိုလည်းကောင်း၊ ဗန်းမော်မြို့ရှိ ဧရာဝတီမြစ်ဝှမ်းမှ ဆင်ကန်ဒေသ၊ ထိုက်ဖိန်မြစ်နှင့် လားကျားမြစ်အကြား နိုင်ငံ့ကြိုးဝိုင်းမဲ့ မြေလွတ်မြေရိုင်းတွင် ဗန်းမော်ခန်းရာ့ကျီဖုန်းခေတ်မီမွေးမြူရေးခြံ တည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း အသီးသီးလုပ်ကိုင်ခဲ့ကြောင်း၊ “ကျွန်တော်တို့ဟာ အဓိကအားဖြင့် မျိုးကောင်းပြောင်းမျိုးစေ့များကို မြန်မာ့တောင်သူလယ်သမားများအား ရောင်းချပေးပြီး ထွက်ကုန်များမှာ တရုတ်နိုင်ငံသို့ ပြန်လည်ရောင်းချလာစေပါတယ်။ ပြောင်းဖူးရိုးတံကိုတော့ အရန်တိရစ္ဆာန်အစိမ်းအစာအဖြစ် ပြန်လည်အသုံးပြုပါတယ်။ ဒီနေရာမှာ လုပ်အားပေါများလှတယ်။ ဒေသခံပြည်သူများရဲ့ဝင်ငွေကိုလည်း တိုးစေနိုင်ပါတယ်”ဟုပြောကြားပါသည်။

“တချို့ ဆိုင်ကယ်ရဲ့အပိုပစ္စည်းမှာ အတုအယောင်အခြင်းအရာ ရှိတာမို့ ဆိုင်ကယ်ရောင်းချရေးအတွက် ထိခိုက်နိုင်တယ်”ဟု မြန်မာနိုင်ငံ၌ (၁၅)နှစ်ကြာ တရုတ်ထုတ် မော်တော်ဆိုင်ကယ်ရောင်းချရေးကိုယ်စားလှယ် ဆောင်ရွက်ခဲ့သည့်အောင်ကမ္ဘောကုမ္ပဏီမှ ကိုယ်စားလှယ် ရွှေလဲလီ၏ မိတ်ဆက်ခြင်းအရ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းသစ်ပေါ်လာသည့်တစ်ချိန်တည်း တရုတ်နိုင်ငံမှတင်ပို့သော စက်ပစ္စည်းများသည်လည်း စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်နေရကြောင်း၊ သူတို့ကုမ္ပဏီမှ ရောင်းချခဲ့သောမော်တော်ဆိုင်ကယ်များမှာ မြန်မာ့ဈေးကွက်၌ ၈၀ ရာခိုင်နှုန်း ပိုင်ဆိုင်နေကြောင်း၊ “အခုဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံမှ အရောင်းကိုယ်စားလှယ်များကလည်း ပါဝင်လာကြတယ်”။ သူတို့သည် မြန်မာ့ဈေးကွက်တွင် ရှိရင်းစွဲမော်တော်ဆိုင်ကယ်ပိုင်ဆိုင်မှုနှုန်းကို ဆက်လက်တည်မြဲနိုင်အောင် လက်ရှိကိုယ်စားအရောင်းဆိုင် (၃၂) ဆိုင်မှ (၅၅) ဆိုင်အထိ တိုးချဲ့သွားရန် လျာထားကြောင်း၊ လောလောဆယ် မြန်မာ့ဈေးကွက်အရှိန်အဟုန်ဖြင့် တံခါးဖွင့်လာသည်နှင့်အမျှ ဥရောပ၊ အမေရိကစသည့် နိုင်ငံများမှ လုပ်ငန်းများကလည်း မြန်မာ့ဈေးကွက်သို့ အများအပြားထိုးဖောက်ဝင်ရောက်လာကြပြီဖြစ်ကြောင်း၊ ယခင်တစ်ဦးတည်းစိုးမိုးနေသော တရုတ်ကုန်ပစ္စည်းများသည် ဥရောပ၊ အမေရိကနိုင်ငံများနှင့် လုပ်အားခသက်သာသော တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ယှဉ်ပြိုင်တော့မှာဖြစ်သောကြောင့် မြန်မာ့သုံးစွဲသူများ၏ ယုံကြည်မှုရယူရန် ပိုမိုအရေးကြီးပါကြောင်း သိရသည်။

သတင်းထောက်အဖွဲ့၏ စုံစမ်းမေးမြန်းခြင်းအရ ယူနန်ပြည်နယ်ကုန်သွယ်ရေးဌာနသည် ယင်းအခြေအနေကို သတိထားပြီးဖြစ်ကြောင်း၊ လာမည့်ကာလတွင် ပေါ်လစီများမှ တစ်ဆင့် လုပ်ငန်းများကို လမ်းညွှန်ပေးရန်စီစဉ်နေကြောင်း၊ လက်ရှိနယ်စပ်ဒေသတံခါးဖွင့်တိုးတက်ရေးပေါ်လစီကို ကောင်းမွန်အောင် အသုံးပြုပြီး နည်းပညာဆန်းသစ်တီထွင်မှုစွမ်းရည်၊ ထုတ်လုပ်မှုစီမံခန့်ခွဲရေးစွမ်းရည်နှင့် ဈေးကွက်ဝန်ဆောင်မှု အဆင့်အတန်းမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်သေကုန်ထုတ်လုပ်ငန်းစခန်းများတွင် အဆင့်မြှင့်တင်၍အချောကိုင်ထုတ်လုပ်ရန် တတ်နိုင်သမျှစီစဉ်ပေးပြီး ကုန်ထုတ်လုပ်ငန်းကွင်းဆက်ကို ဆန့်တန်းကာ ထုတ်လုပ်မှုအရည်အသွေးနှင့် အကျိုးဖြစ်ထွန်းမှုများကို မြှင့်တင်ပေးကြောင်း၊ ထို့ပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွင် အလားအလာကောင်းမွန်သော၊ နောက်ပွား အားသာချက်ရှိနိုင်သော စီမံကိန်းနှင့်လုပ်ငန်းများကို အာရုံစိုက်လေ့လာပြီး ဝန်ဆောင်မှုကုန်သွယ်ရေးဖြင့် ကုန်ပစ္စည်းကုန်သွယ်မှုများကို ဖြစ်ထွန်းစေပြီး အပြန်အလှန်ဖြည့်ဆည်း၊ အပြန်အလှန် တိုးတက်စေသော အဆင့်မြှင့်ကုန်သွယ်ရေးကို တည်ထောင်သွားကြောင်း သိရသည်။

လျို့ရှမ်ယွမ်

# ယူနန်-မြန်မာ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ချုပ်ဆို

မကြာမီရက်ပိုင်းတွင် ယူနန်ပြည်နယ် စိုက်ပျိုးရေးသိပ္ပံ အကယ်ဒမီနှင့် မြန်မာနိုင်ငံ အာရှစိုက်ပျိုးရေးကုမ္ပဏီလီမိတက်တို့သည် ကူမင်းမြို့၌ သဘောတူညီချက်ချုပ်ဆိုခဲ့ပြီး နှစ်ဦးနှစ်ဘက်မှ စိုက်ပျိုးရေးသိပ္ပံ နည်းပညာအတွက် ဆတက်ထမ်းပိုး ပူးပေါင်းဖလှယ်သွားကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အာရှစိုက်ပျိုးရေးကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီသော၊ ယှဉ်ပြိုင်အားတောင့်တင်းသော သိပ္ပံနည်းပညာဆိုင်ရာ ကုန်သွယ်ရေးကုမ္ပဏီဖြစ်သည်။ သဘောတူညီချက်အရ ယူနန်ပြည်နယ် စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီနှင့် မြန်မာနိုင်ငံ အာရှကုမ္ပဏီလီမိတက်တို့သည် စပါး၊ စားသုံးပဲ၊ စီးပွားဖြစ်သီးနှံများ၊ ဥယျာဉ်ခြံသီးနှံများစသည်များကို အလေးထားသုတေသန ပြုထုတ်လုပ်သွားမည်ဖြစ်ပြီး ရုက္ခပင်များကာကွယ်ရေး၊ ဇီဝနည်းပညာစသည့် ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်အတူ တရုတ်-မြန်မာ စိုက်ပျိုးရေးသုတေသနစင်တာ တည်ဆောက်ရေးစသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ တချိန်တည်းတွင် စီးပွားရေးလုပ်ငန်းများကို အမှီပြု၍ မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေးသိပ္ပံနည်းပညာပူးပေါင်းဖလှယ်ရေးအဖွဲ့ဆိုင်ရာ လုပ်ငန်းဆောင်တာများကိုလည်း လက်တွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။

ယူနန်ပြည်နယ် စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီသည် ၂၀၀၈ခုနှစ်တွင် ကူမင်းမြို့၌ မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်မူဘောင်ကို တရားဝင်ချုပ်ဆိုခဲ့ပြီး မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေးသိပ္ပံနည်းပညာ ပူးပေါင်းဖလှယ်ရေးအဖွဲ့တည်ထောင်ရန် လက်တွဲကြိုးပမ်းသည့်အချိန်မှစ၍ မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိသုတေသနဌာနများနှင့် အမြဲလိုလို ဖလှယ်ခဲ့ရာစပါး၊ ပဲ၊ အာလူး၊ ကြံစသည့် သီးနှံများအပေါ်သုတေသနပြုထုတ်လုပ်ရေးနှင့် ရုက္ခပင်များကာကွယ်ရေး စသည့်ဘက်တွင် လက်တွေ့ကျကျပူးပေါင်းဖလှယ်ခဲ့ကြသည်။

ချိန်ယွင်ဖိန်း



# မန္တလေးမြို့ရှိ ယူနန်ဘုံကျောင်းအကြောင်းအမြင်

မန္တလေးမြို့ရှိယူနန်ဘုံကျောင်းသည် ၁၈၅၉ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၈၈၁ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ မန္တလေးမြို့တွင် နေထိုင်ကြသည့် တရုတ်ယူနန်သားများသည် အလှူဒါနပြုလုပ်ရန်၊ တရုတ်ယဉ်ကျေးမှုဆက်ခံရေးကိစ္စရပ်များ တိုင်ပင်ဆွေးနွေးရန် စုဝေးရာနေရာရှိပြီးဖြစ်သည်။

ဇွန်လ(၁၈)ရက်တွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ သတင်းထောက်အဖွဲ့သည် မန္တလေးမြို့ရှိ ယူနန်ဘုံကျောင်းသို့ ရောက်ရှိသွားခဲ့သည်။ ခန်းမဆောင်၊ ဇာတ်စင်နှင့်တရုတ်ဘုရားကျောင်းများအပေါ်တွင် နဂါးထုဇာမဏီဆွဲပြီး လှပအောင်မွမ်းမံထားသည့် အခုံးပုံခေါင်မိုး၊ သမိုင်းကိုလေးနက်စွာအနည်ထိုင်နေသည့် ဆိုင်းဘုတ်များ...တရုတ်ယဉ်ကျေးမှုဒြပ်စင်တို့ဖြင့် ပြည့်လျှံသော ယူနန်ဘုံကျောင်း အဆောက်အဦးများသည် မြင်သူတိုင်းကိုအားတက်လာစေသည်။

မြန်မာနိုင်ငံမန္တလေးမြို့ရှိ ယူနန်ဇာတိသားများ အသင်းဥက္ကဋ္ဌစန်ရှင်းရှီ၏ မိတ်ဆက်ခြင်းအရ မန္တလေးမြို့ရှိ ယူနန်ဘုံကျောင်းသည် ဒေသခံတရုတ်အိုဗာစီဇာတိသားများနှင့် ရပ်ကွက်များအတွက် ဝန်ဆောင်မှုပေးရန် အစဉ်တစိုက်ကြိုးစားခဲ့ကြောင်း၊ အလှူဒါနလုပ်ငန်းများကို တက်ကြွစွာလုပ်ဆောင်ပြီး တရုတ်ဘာသာ သင်ကြားရေးလုပ်ငန်းကိုလည်း ထူထောင်ပေးခဲ့ကြောင်း သိရသည်။ "ပိုများတဲ့ တရုတ်အမျိုးသားနောင်လာနောင်သားများအား အမိနိုင်ငံရဲ့ယဉ်ကျေးမှုကို ဆက်ခံနိုင်ဖို့ ကျွန်တော်တို့ဟာ ယွင်ဟွာဆရာအတတ်သင်ကောလိပ်ကို ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းသားများက မြန်မာနိုင်ငံမှာ နှစ်နှစ်ကြာပညာသင်ယူပြီးတဲ့နောက် တရုတ်နိုင်ငံရှိတက္ကသိုလ်မှာ သီးခြားဘာသာရပ်များကို တစ်နှစ်ကြာ သင်ကြားဦးမယ်"။ ယွင်ဟွာဆရာအတတ်သင်ကောလိပ်မှ ပထမအသုတ်ကျောင်းသားများသည် ဇူလိုင်လတွင် ဘွဲ့ရမည်ဖြစ်ပြီး ကျောင်းသူကျောင်းသားဦးရေမှာ စုစုပေါင်း(၅၂)ဦး ရှိပါသည်ဟု ၎င်းကဖော်ပြ ထားပါသည်။

မန္တလေးမြို့ရှိ ယူနန်ဘုံကျောင်းသည် အဘယ်ကြောင့် တရုတ်ဘာသာ သင်ကြားရေးကို မိမိ၏အဓိကထမ်းဆောင်ရန် တာဝန်အဖြစ်ထားသနည်း။ မြန်မာနိုင်ငံမန္တလေးမြို့ယူနန်ဇာတိသားများအသင်းမှ အတွင်းရေးမှူးဖြစ်သူ ကျန်စီကျယ်က ပညာရေး၊ ယဉ်ကျေးမှုတို့သည် အပျော့စွမ်းအင်၏ ဖော်ညွှန်းချက်ပင်ဖြစ်ကြောင်း၊ ဘာသာစကားမှာမူ ယဉ်ကျေးမှုဆက်ခံရန် ကယ်ရီယာဖြစ်ကြောင်း၊ ယင်းကယ်ရီယာမှတစ်ဆင့် တရုတ်အမျိုးသား နောင်လာနောင်သားများအား မိမိ၏ဇာတိမြေကို ပိုမိုသိရှိနားလည်စေနိုင်ပြီး ဇာတိမြေသံယောဇဉ်ကို လက်ဆင့်ကမ်းစေနိုင်မည် ဖြစ်ကြောင်း ယူဆထားပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်မြင့် တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့အရပ်ရပ်မှ စီးပွားရေးလုပ်ငန်းများသည် မိမိလုပ်ငန်းတိုးတက်ရေးအတွက် တရုတ်ဈေးကွက်သို့ အာရုံစိုက်လာကြသည်။ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသောမြန်မာနိုင်ငံ အထူးသဖြင့်မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင်လည်း တရုတ်ဘာသာစကားသင်ကြားရန် လိုအပ်လာနေသည်။ ကျန်စီကျယ်၏ ပြောကြားချက်အရ လက်ရှိတွင် အချို့သော မြန်မာလူမျိုးကျောင်းသားများကလည်း တရုတ်ဘာသာစကားသင်ကြားရန် ဆန္ဒပြင်းပြလှသည်ဟု သိရသည်။

"တရုတ်-မြန်မာနှစ်နိုင်ငံတို့ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နက်နဲလာတာနဲ့အမျှ ပိုမိုထူးချွန်တဲ့ တရုတ်ဘာသာပြန်များကို လိုအပ်လာပါတယ်။ တရုတ်ဘာသာစကားတတ်မြောက်ရင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ပါတယ်။ ၎င်းတို့ရဲ့ဝင်ငွေမှာ အင်္ဂလိပ်ဘာသာကိုသာ တတ်မြောက်တဲ့လူရည်ချွန်များထက် ပိုများပါတယ်။ ဝန်ထမ်းခေါ်ယူတဲ့အခါ အင်္ဂလိပ်ဘာသာစကားတတ်မြောက်ရင် တစ်လကို လစာကျပ်ငွေနှစ်သိန်းပေးမယ်လို့ ကြေငြာလေ့ရှိတယ်။ တရုတ်ဘာသာစကား တတ်မြောက်ရင် တစ်လကိုလစာကျပ်ငွေသုံးသိန်းပေးမယ်လို့ကြေငြာလေ့ရှိပါတယ်။"

ကျန်စီကျယ်က တရုတ်ဘာသာသင်ကြားရေး၏ တိုးတက်ရေးသည် အဘက်ဘက်မှ ထောက်ပံ့ပေးမှုများကို ရရှိထားခြင်းကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်ကြသော တရုတ်အိုဗာစီများ၏ သားသမီးများနှင့် တရုတ်ဘာသာကို ထိတွေ့လိုသော ဒေသခံများအား ဝန်ဆောင်မှုပေးနိုင်ရန် အခြားကျောင်းတစ်ကျောင်းဖြစ်သည့် မန္တလေးဖူချင့်ကွန်ဖြူးရှပ်စာသင်ကျောင်းမှ မြန်မာဖက်ကျောင်းအုပ်ကြီးလီကျူချင်းသည် ကျောင်းခွဲဖွင့်လှစ်ရန် မြန်မာနိုင်ငံမြောက်ပိုင်းဒေသသို့ ကြိမ်ပေါင်းများစွာ သွားရောက်လေ့လာခဲ့ကြောင်း၊ အချို့ထောက်ပံ့ရေးနည်းလမ်းများဖြင့် တောင်ပေါ်ဒေသရှိ ဆင်းရဲသော အိမ်ထောင်များမှ ကျောင်းသားကျောင်းသူများကို ပညာသင်ကြားခွင့်ရအောင် ကူညီပေးခဲ့ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် သတင်းထောက်အဖွဲ့သည် မန္တလေးမြို့ရှိ ယူနန်ဘုံကျောင်း၏ မြေညီထပ်တွင် တည်ရှိသော စာကြည့်ခန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ စာကြည့်ခန်းတွင် အနည်းငယ်အဝါတန်းနေသော၊ အစောပိုင်း ပုံနှိပ်ထုပ်ဝေခဲ့သော တရုတ်စာပေသမိုင်းအကျဉ်းကို သတင်းထောက်များက တွေ့ရှိရသည်။ ပင်လယ်ရပ်ခြားရောက် တရုတ်အိုဗာစီများ၏ စာတမ်းပေတမ်းထိန်းသိမ်းရန်၊ ယဉ်ကျေးမှုဆက်ခံရန်စိတ်ဓာတ်အတွက် အများကို ကြည်ညိုအားကျစေကြသည်။

ကျန်စီကျယ်က တရုတ်အိုဗာစီများ ပြည်ပနိုင်ငံများတွင် တရုတ်ဘာသာစကား သင်ယူခြင်းသည် တရုတ်ယဉ်ကျေးမှုကို ဆက်ခံထွန်းကားရန်အတွက်ဖြစ်ကြောင်း ပြောကြားသည်။ အများအား တရုတ်ယဉ်ကျေးမှုများကို လွယ်ကူချောမွေ့စွာလေ့လာနိုင်ရန် စာကြည့်ခန်းတွင် အစောပိုင်းစာအုပ်များအပြင် ပြည်တွင်းတွင်ထုတ်ဝေထားသော စာအုပ်များကိုလည်း ထားသိုလျက်ရှိနေကြောင်း ၎င်းကဆက်လက်မိတ်ဆက်ပေးသည်။

လျိုကျင်ရီ

## Thang-ga ပန်းချီကား(၁၆၉၉)ချပ်ကို ရှမ်းကေလီလားမြို့၌ပြသ Guinness World Records ဝင်းနစ်ကမ္ဘာ့စံချိန်တင်နိုင်ခဲ့





ရှမ်းကေလီလား ခရီးသွားယဉ်ကျေးမှုအရင်းအမြစ်များကို ပေါ်များကြွယ်ဝစေရန်၊ တိဗက်တိုင်းရင်းသားများသမိုင်း၊ တိဗက်တိုင်းရင်းသားယဉ်ကျေးမှုနှင့် တိဗက်ဗုဒ္ဓဘာသာအကြောင်းများကို ပိုမိုများပြားသော အများပြည်သူများအားသိရှိစေရန် ဇွန်လ(၂၁)ရက်တွင် Thang-ga ပန်းချီကား(၁၆၉၉)ချပ်ကို ရှမ်းကေလီလားမြို့ရှိ ရှမ်းပါးလားယဉ်ကျေးမှုပြပွဲများစင်တာတွင် ခင်းကျင်းပြသခဲ့ပါသည်။ စုံစမ်းမေးမြန်းခြင်းအရ ယခုအကြိမ် ခင်းကျင်းပြသခြင်းသည် ယခင်တစ်ကြိမ်လျှင် Thang-ga အချပ်(၁၂၀၀) ခင်းကျင်းပြသခဲ့သော Guinness World Records ဝင်းနစ်ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်ဟုသိရသည်။

ယခုအကြိမ် ခင်းကျင်းပြသထားသော Thang-ga များမှာ《ရှမ်းပါးလားခေတ်အဆက်ဆက်မှ ဘုရင်မင်းများ》စီးရီးThang-gaများ၊《ဆေးပညာကျန်းဂန်လေးအုပ်》စီးရီး Thang-gaများနှင့် ရဟန္တာ(၁၆)ပါးဆိုင်ရာ စီးရီး Thang-ga စသည်တို့ ပါဝင်ပါသည်။ ယင်းThang-ga များသည် လက်ရာပြောင်မြောက်ပြီး စတိုင်လ်မှာ လုံးလုံးလျားလျား မတူခြားနားဖြစ်ကြသည်။ တိဗက်တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ သမိုင်းနှင့် ဘာသာရေးစသည်များကို သရုပ်ပေါ်အောင် ပြသထားသည်။ ၎င်းအနက် တိဗက်ဆေးပညာ၏ကျန်းဂန်ဖြစ်သော《ဆေးပညာ ကျန်းဂန်လေးအုပ်》 စီးရီးThang-ga ပန်းချီကား(၁၇၄)ချပ်သည် ယခုထက်တိုင် အပြည့်စုံဆုံးသော《ဆေးပညာကျန်းဂန်လေးအုပ်》ချိတ်ဆွဲရန် Thang-ga ပန်းချီကားများဖြစ်သည်။

Thang-ga ပန်းချီကားသည် တိဗက်တိုင်းရင်းသား ယဉ်ကျေးမှုအနက် တမူထူးခြားသော ပန်းချီအနုပညာပုံစံတစ်မျိုးဖြစ်သည်။ ခရစ်နှစ်(၇)ရာစုခန့်မှ စတင်ခဲ့ပြီး တိဗက်ယဉ်ကျေးမှုကျန်းဂန်များ၏ အနုပညာပုံစံမျိုးဖြစ်သည်။ ယင်းပန်းချီကားမျိုးရေးဆွဲရန် အစီအစဉ်မှာ ပန်းချီမဆွဲမီ သက်ဆိုင်ရာအခမ်းအနားကျင်းပခြင်း၊ ပန်းချီကားရေးဆွဲရန်ပိတ်စများပြုလုပ်ခြင်း၊ ပုံကြမ်းရေးဆွဲခြင်း၊ ပုံဖော်ခြင်း၊ရွှေကျဲငွေချခြင်း၊ အပေါက်ဖောက်ခြင်း၊ မွမ်းမံ၍ ဘုရားတော်ကြည်ညိုခြင်း စသည်တို့ပါဝင်ပါသည်။ ပန်းချီကား၏ အကြောင်းအရာများမှာ တိဗက်တိုင်းရင်းသားများ၏သမိုင်း၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမှုဘဝစသည့် နယ်ပယ်များနှင့်ပတ်သက်သဖြင့် တိဗက်တိုင်းရင်းသားများ၏စွယ်စုံကျမ်းဟု ဆိုနိုင်ပါသည်။

ယိုရှမ်နိမ်

# ရှေးဟောင်းယောဂသည် လှပသောနွေဦးမြို့တော်နှင့်လက်တွဲ





လက်ဆန့်ခြင်း၊ ခန္ဓာကိုယ်စောင်းလှည့်ခြင်း၊ အသက်ရှူသွင်းရှူထုတ်ခြင်း . . . မကြာမီရက်ပိုင်းက ရာနှင့်ချီသော ယောဂဝါသနာအိုးတို့သည် ကူမင်းကောလိပ်ရှိ အားကစားရုံတွင် စုဝေးကြပြီး အိန္ဒိယဆရာများ၏ ဦးဆောင်မှုအောက်တွင် ယောဂကျင့်စဉ် စုပေါင်းသရုပ်ပြပွဲ ကျင်းပသောကြောင့် ပထမဆုံးအကြိမ် "တရုတ်(ကူမင်း)-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ ယောဂနေ့"အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထိုနေ့တွင် အိန္ဒိယဆရာများ၏ ဦးဆောင်မှုအောက်တွင် ကူမင်းမြို့၌ ရာနှင့်ချီသော ယောဂဝါသနာအိုးများ၊ ယောဂသင်တန်းအသီးသီးမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်နေ ကျောင်းသားကျောင်းသူများသည် အားကစားရုံတွင် လူတိုင်းလိုလို မျက်နှာအမူအရာ ငြိမ်သက်ပြီး အပြုအမူသွက်လက်စွာဖြင့် ယောဂကျင့်စဉ် သရုပ်ပြလေ့ကျင့်ကြသည်။ ငြိမ်သက်သော ကမ္ဘာတစ်ခုထဲသို့ ဝင်ရောက်သွားကြသကဲ့သို့ ခံစားမိပါသည်။ ယင်းနေ့တွင် အိန္ဒိယဆရာများ၏ တံခါးဖွင့်ယောဂကျင့်စဉ် ပို့ချရေးသင်တန်း၊ ပထမဆုံးအကြိမ် ကူမင်းယောဂဆွေးနွေးပွဲ၊ အိန္ဒိယအကတင်ဆက်ပွဲများကိုလည်း ကျင်းပခဲ့သည်။

ယင်းနေ့တွင် ယူနန်တိုင်းရင်းသားတက္ကသိုလ်ယူဟွာကျောင်းခွဲ၌ ကျောင်းသူကျောင်းသား အယောက်(၁၀၀)ကျော်တို့သည် တက်သစ်စနေဝန်းဆီးကြိုလျက် ယောဂကျင့်စဉ် စုပေါင်းလေ့ကျင့်ခြင်းဖြင့် ပထမဆုံးအကြိမ် "တရုတ်(ကူမင်း)-အိန္ဒိယ အပြည်ပြည်ဆိုင်ရာယောဂနေ့"ကို ဂုဏ်ပြုကြသည်။

စာရင်းကိုင်ကောလိပ်မှ လာရောက်သော ဒုတိယပညာသင်နှစ်ကျောင်းသူ ရှောင်ကျိုသည် ယခုအကြိမ် "အယောက်တစ်ရာယောဂသရုပ်ပြပွဲ" လှုပ်ရှားမှု၏ ပါဝင်သူတစ်ဦးဖြစ်သည်။ ၎င်းသည် ယောဂကျင့်စဉ်လေ့ကျင့်သည်မှာ နှစ်နှစ်ရှိပြီးဖြစ်သည်။ "ယောဂဟာ ကိုယ်ကာယ လေ့ကျင့်တဲ့ နည်းလမ်းတစ်မျိုးလည်းဖြစ်၊ နေထိုင်မှုဘဝရဲ့ သဘောထားတစ်မျိုးလည်း ဖြစ်တယ်။ ကျွန်မအနေနဲ့ ယောဂကျင့်စဉ်သင်ကြားခဲ့တဲ့ နှစ်နှစ်တာကာလ အတွင်းမှာ စိတ်ရောကိုယ်ပါ သိသိသာသာကြီး တိုးတက် ပြောင်းလဲသွားပါတယ်" ဟု ၎င်းကပြောကြားသွားသည်။ သူမ၏ စကားသည် ယောဂဝါသနာအိုးများ၏ ရင်ဖွင့်သံပင်ဖြစ်သည်။ ယင်းလှုပ်ရှားမှုသည် ရှေးဟောင်း အိန္ဒိယယောဂမှ နွေဦးမြို့တော်ကူမင်းမြို့နှင့် လက်တွဲစေသည့် တံခါးကြီးကို ဖွင့်လှစ်ပေးခဲ့ပြီး အိန္ဒိယ-ကူမင်းအကြား ယဉ်ကျေးမှုဖလှယ်ရန် တိုးမြှင့်နိုင်ခဲ့သည်ဟု ကူမင်းမြို့အစိုးရ သက်ဆိုင်ရာ တာဝန်ရှိသူက ယူဆထားသည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံသည် နှစ်စဉ် ဇွန်လ ၂၁ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် တရားဝင် ဆုံးဖြတ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယခုနှစ်သည် ပထမဆုံးအကြိမ် "အပြည်ပြည်ဆိုင်ရာ ယောဂနေ့" ဖြစ်သည်။ ယင်းပွဲတော်နေ့ကို ဂုဏ်ပြုရန် ကမ္ဘာ့အသီးသီးမှ ယောဂ ဝါသနာအိုးများသည် သက်ဆိုင်ရာလှုပ်ရှားမှုနှင့် အစီအစဉ်များကို တဖွဲဖွဲ ကျင်းပခဲ့ကြသည်။

ဓာတ်ပုံ-လီချိုးမင်

# ကူမင်းမြို့ရှိ(၆)နှစ်သားကလေးငယ်ကို "ရင်ပြင်အကမင်းသား"ဟု တင်စားခေါ်ဝေါ်ခံ

မကြာမီရက်ပိုင်းတွင် "ကူမင်းမှာ အံ့သြစရာကောင်းတဲ့ ရင်ပြင်အကမင်းသား" ဗီဒီယိုသည် Microblogတွင် နာမည်ကျော်ကြားလာခဲ့သည်။ ယင်းဗီဒီယိုတွင် ပိန်ပါးလှသော ကောင်လေး တစ်ယောက်သည် လှုပ်လှုပ်ရွရွဖြစ်ခြင်းမှ တစ်မျိုး၊ လှပနူးညံ့စွာဖြင့် ကခြင်းမှတစ်ဖုံ၊ အပြုအမူ၊ အမူအရာတို့သည် နောက်ခံ ပတ်ဝန်းကျင်နှင့် အလွန်ကိုက်ညီပြီး အရွယ်မြောက်သူများထက် အနည်းငယ်မျှမရှုံးနိုင်ပါ။ ကူမင်းမြို့ရှိ ရင်ပြင်များ၌ အက ကကြသော အန်တီများက အဆိုပါ ကောင်လေးကို "အကဘုရင်"ဟု ချစ်စနိုးခေါ်တွင်ကြသည်။ လမ်းသွားလမ်းလာများက ယင်းမြင်ကွင်းကို တွေ့ရသော် မအောင့်နိုင်ဘဲ မိမိလက်ကိုင်ဖုန်းများဖြင့် ရိုက်ကူးလေ့ရှိကြသည်။ မကြာမီ သတင်းထောက်သည် ကူမင်း လျန်ဟွားကန်ဥယျာဉ်ရင်ပြင်သို့ ကြိမ်ပေါင်းများစွာ သွားရောက် လိုက်လံရှာဖွေပြီးမှသာ အဆုံးတွင် "ရင်ပြင် အကမင်းသား" ဖြစ်သူရှွေဟို့ထင်နှင့် တွေ့ခွင့်ရခဲ့သည်။

"မင်းက ငှါပန်းသီးလေးပါ . . ."။ နေဝင်ဆည်းဆာ၏ လက်ကျန် နေရောင်ခြည်အောက်တွင် 《ပန်းသီးလေး》 တေးသံသည် ကူမင်းမြို့ လျန်ဟွားကန်ဥယျာဉ်အတွင်း ပျံ့လွင့်လျက်ရှိသည်။ ကချေသည်များအနက် အကနည်းပြဆရာမ ဒမ်လူမှလွဲ၍ မျက်စိအရောက်ဆုံးသူမှာ ရှွေဟို့ထင်ပင်ဖြစ်သည်။ သူသည်အကနည်းပြဆရာမ၏ စည်းချက်များကို လိုက်ပါ၍ ခန္ဓာကိုယ်ကို ကျွမ်းကျင်စွာ၊ သဘာဝကျစွာ ကပြနေပြီး လက်မြှောက်ခြင်း၊ ခြေမခြင်း၊ ခန္ဓာကိုယ်စောင်းလှည့်ခြင်း၊ ခါးကိုင်းခြင်းစသည့် အမူအရာများသည် နည်းပြဆရာမ သင်ကြားထားသည်နှင့် လုံးဝကိုက်ညီနေသည်ကို တွေ့ရသည်။

အသက်(၇)နှစ် အရွယ်မပြည့်သေးသော ရှွေဟို့ထင်သည် ယခုတွင် ကူမင်း လျန်ဟွားမူလတန်းကျောင်းမှ ပထမတန်း ကျောင်းသားလေးတစ်ဦးဖြစ်သည်။ "လွန်ခဲ့တဲ့ (၅)နှစ်လောက်က (၁)နှစ်ခွဲအရွယ်သာ ရှိသေးတဲ့ နေ့တစ်နေ့မှာ ကျွန်မဟာ သားကိုခေါ်ပြီး လျန်ဟွားကန်ဥယျာဉ်သို့ သွားလည်စေတယ်။ ဟိုအချိန်မှာ အကနည်းပြဆရာမက ကျားမပျိုအိုများကို ဦးဆောင်ပြီး အကကကြတယ်။ ဒါကို တွေ့ရတော့ သားကလည်း လိုက်က လာပါတယ်"ဟု ရှွေဟို့ထင်၏ မိခင်ဖြစ်သူ မဒမ်ရန်က ပြောကြားပါသည်။ သားဖြစ်သူက ထိုနေရာ၌ ကလိုက်ခုန်လိုက်နှင့် လျှောက်ကနေသော်လည်း ထိုအချိန်တွင် သားမှာ အလွန်ဝမ်းသာပါသည်၊ အလွန်ပျော်မြူးပါသည်ကို တွေ့မြင်နိုင်သည်။ မိမိ၏သားမှာ အကအတွက် ဤမျှ စိတ်ဝင်စားနေသည်၊ ခုန်ဆွခုန်ဆွ နေလိုက်သည်မှာ ကြီးပြင်းခြင်းအတွက်လည်း အကျိုးရှိသည်ကို တွေးမိ၍ မိမိ၏သားအား အကဆရာမထံ အကသင်စေတော့သည်။ မဒမ်ရန်က ဤ(၅)နှစ်ကျော်ကာလအတွင်း မိုးရွာခြင်းစသည့် ဆိုးရွားသော ရာသီဥတုမျိုးမှလွဲ၍ ရှွေဟို့ထင်သည် ရင်ပြင်သို့သွား၍ အကသင်သည်ကို မည်သည့်အချိန်မျှ ရပ်ဆိုင်းခဲ့မှာ မဟုတ်ကြောင်း၊ လက်ရှိတွင် သားလေးသည် အကကို ကောင်းကောင်းကနိုင်သည့်အပြင် ကျောင်းတွင်လည်း "အက မင်းသား" ဖြစ်လာနေကြောင်း၊ နေ့စဉ် အကလေ့ကျင့်ခြင်းအားဖြင့် ကိုယ်ခန္ဓာလည်း ကျန်းမာ သွက်လက်လာနေကြောင်း ပြောကြားသည်။

နေ့စဉ်နှင့်အမျှ ကျောင်းလည်းတက်၊ အကလည်းကရသည်မှာ ပန်း/မပန်းကို မေးလိုက်သော် ရှွေဟို့ထင်က "အကကတာဟာ ကျွန်တော့်အတွက်ကစားနေသလိုပဲ။ တခါတလေတော့ ပန်းတတ်ပေမဲ့ အကကပြီးတဲ့အခါ အရမ်းသက်သာပါတယ်" ဟုပြောသည်။

တွေ့ဆုံမေးမြန်းရာတွင် သတင်းထောက်သည် ရှွေဟို့ထင်၏ ဒူးဆစ်နှင့် လက်ဆစ်တို့တွင် အကကခြင်းကြောင့် ဒဏ်ရာရဖူးသည်ကို တွေ့ရသည်။ သို့သော် သူ့အဖြေသည် အနားတွင်ရှိနေသော လူများကို အံ့မခန်းဖြစ်စေသည်။ "အခါးပြီးမှအချို၊ အနာခံမှ အသာစံမယ်။ မေမေ ပြောခဲ့တဲ့စကားကို ကျွန်တော် မှတ်မိသေးတယ်။ အဲဒါကတော့ 'ဆင်းရဲဒုက္ခခံနိုင်မှသာ၊ လူချွန်လူတော်ဖြစ်မှာပါ'။ နောင်အခါ အကမင်းသားဖြစ်ဖို့အတွက် ဒီဒဏ်ရာလေးတွေကတော့ မပြောပလောက်တဲ့ကိစ္စပဲ။"

ကျန်ရှောင်ချိန်



